# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

## e-Newsletter

Vol.1 No.8 July

## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများကျင်းပ




ဇူလိုင်လ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၇/ ၂၀၂၂) ကို ၂၇-၇-၂၀၂၂ ရက်နေ့တွင် Video Conferencing System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင် အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။ ကော်မရှင်၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွက် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၂) ကို ၁၁-၇-၂၀၂၂ ရက်နေ့တွင်ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာသန်းမြင့်၊ ဒေါ်နုနုယဉ်၊ ဦးတင်အောင် အထူးဖိတ်ကြားခံရသည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် (ဘဏ္ဍာ)နှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

# Capacity Building on Research Methodology for Human Rights Course သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း



ဇူလိုင်လ ၁၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်ရုံးဝန်ထမ်းများ သုတေသန၏ အခန်းကဏ္ဍနှင့် လုပ်ငန်းစဉ်အား သိရှိရန်နှင့် လူ့အခွင့်အရေးနယ်ပယ်တွင် ပြန်လည်အသုံးချနိုင်စေရန် ရည်ရွယ်၍ Capacity Building on Research Methodology For Human Rights Course သင်တန်းကို ၁၃-၇-၂၀၂၂ ရက်နေ့ မွန်းလွဲ ၁၃:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ Hybrid System ဖြင့်ကျင်းပခဲ့ပါသည်။

အဆိုပါသင်တန်းဖွင့်ပွဲ၌ကော်မရှင်ဥက္ကဋ္ဌဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် သုတေသနဆိုသည်မှာ ယနေ့ကမ္ဘာတွင် အဓိကပြဿနာများကို ဖြေရှင်းရေးအတွက် အသုံးဝင်သည့် လက်နက်တစ်ခုလည်း ဖြစ်ပါကြောင်း၊ လူသားများ၏ သမိုင်းကြောင်းတစ်လျှောက် သုတေသန တွေ့ရှိချက်များကြောင့် ယနေ့လူသားများကို ယခုရောက်ရှိနေသည့် ယဉ်ကျေးမှုအဆင့်အတန်းကို ရရှိစေခဲ့ခြင်းဖြစ်ပါကြောင်း၊ ဤအချက်ကိုထောက်ပြီး သုတေသနလုပ်ငန်းသည် အရေးကြီးသည့် အခန်းကဏ္ဍ တွင်ပါဝင်ပါကြောင်း၊ သိပ္ပံနည်းကျ ပြုလုပ်ရရှိလာသော သုတေသနရလဒ်များမှ စနစ်တကျ ရှိမှု၊ ခိုင်လုံမှုတို့ကို များစွာပံ့ပိုး ထောက်ကူနိုင်မှာ ဖြစ်ပါကြောင်း၊ ယခုပြုလုပ်သော (Research Methodology) သင်တန်းသည် ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရာမှာ များစွာ အထောက်အကူပြုနိုင်မှာ ဖြစ်ပါကြောင်း၊ သင်တန်းတွင် Research Introduction မှသည် Topic Selection, Analyzing of the Problem, Research Methods စသဖြင့်သိထားရမည့် အခြေခံများထည့်သွင်းထားသည်ကို တွေ့ရကြောင်း၊ သင်တန်းတက်ရောက်ပြီးသူများ အနေဖြင့် သင်တန်းမှရရှိသည့် အခြေခံအပေါ် သိသင့်သိထိုက်သည်များကို ထပ်မံလေ့လာဆည်းပူးကြရန် လိုအပ်ပါကြောင်း၊ သင်တန်းမတက်ရောက်ရသေးသည့် အခြားဝန်ထမ်း များကိုလည်း ပြန်လည်မျှဝေရန်နှင့် သုတေသနနည်းပညာများကို မိမိတို့ကော်မရှင် လုပ်ငန်းဆောင်ရွက်မှုများမှာ အသုံးချပြီး ကော်မရှင်၏ ရည်မှန်းချက်ပန်းတိုင်ကို အထောက်အကူပြုနိုင်အောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း စသည်တို့ကိုပြောကြားခဲ့ပါသည်။ ထို့နောက် သင်တန်းတက် ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများက မိတ်ဆက်စကား အသီးသီး ပြောကြားခဲ့ပါသည်။ သင်တန်းတွင် ကော်မရှင်ရုံးခွဲမှ ဝန်ထမ်းအပါအဝင် သင်တန်းသားဦးရေ (၂၁) ဦး ဖြင့်ဖွင့်လှစ်ပြီး ဘာသာရပ် (၁၀) ခုဖြင့် သင်တန်းကာလမှာ (၃) ရက်ကြာမြင့်ကြောင်း သိရှိရပါသည်။

# ငွေကြေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း အထူးအစည်းအဝေးကျင်းပ




ဇူလိုင်လ ၁၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း အထူးအစည်းအဝေးကို ၁၈-၇-၂၀၂၂ ရက်နေ့တွင် Video Conferencing System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြပါသည်။

---

"Human rights education is much more than a lesson in schools
or a theme for a day; it is a process to equip people with
the tools they need to live lives of security and dignity"

"လူ့အခွင့်အရေး ပညာပေးခြင်းသည် ကျောင်းသင်ခန်းစာတစ်ခု (သို့) တစ်နေ့တာ အကြောင်းကိစ္စ
တစ်ခုထက် များစွာပိုသည်၊ ယင်းသည် လူအများအား ဘဝတွင်
လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန် လိုအပ်သော ကိရိယာတန်ဆာပလာများ
တပ်ဆင်ဖြည့်ဆည်းပေးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။"

Kofi Annan (1938–2018)

# ဝန်ထမ်းများ၏ ဌာနလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းခြင်းပြိုင်ပွဲ ပြုလုပ်



ဇူလိုင်လ ၂၉ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်းများ၏ လုပ်ငန်း စွမ်းဆောင်ရည် မြင့်မားရေးကို ရည်ရွယ်လျက် ဌာနများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းခြင်းပြိုင်ပွဲကို ကော်မရှင်ရုံး Conference Room တွင် ၂၀၂၂ခုနှစ်၊ ဇူလိုင်လ၂၉ ရက်နေ့ ၁၃:၀၀ နာရီ အချိန်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပြီး ကျန်အရာထမ်း/ အမှုထမ်း များက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြပါသည်။ ပြိုင်ပွဲသို့ ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က အဖွင့်အမှာ စကားပြောကြားရာတွင် ယခုလို ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်း တင်ပြခြင်း ပြိုင်ပွဲကျင်းပပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် လုပ်ငန်းများရှိသည့်အတွက် ဝန်ထမ်းများ အင်္ဂလိပ်စာတတ်မြောက်မှု အရည်အသွေး မြင့်မားလာစေရေးကို အဓိကထား ဆောင်ရွက်ရပါကြောင်း၊ ကော်မရှင်ရုံးမှ အင်္ဂလိပ်စာသင်တန်းကို ဖွင့်လှစ်ပေးခဲ့ပြီး သင်ကြားပြီးစာများ မမေ့မလျော့ရေးအတွက် ပြိုင်ပွဲအား အင်္ဂလိပ်ဘာသာဖြင့် ပြိုင်ပွဲယှဉ်ပြိုင်စေခြင်း ဖြစ်ကြောင်း၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ တင်ပြခြင်းပြိုင်ပွဲကို တစ်လလျှင် ဌာန (၂) ခုမှ ယှဉ်ပြိုင်ခြင်း ပြုလုပ်ခဲ့ပြီး ယနေ့သည် နောက်ဆုံး (၂) ဌာနမှ ရှင်းလင်းသည့် ပြိုင်ပွဲဖြစ်ကြောင်း ပြောကြားပါသည်။ ထို့နောက် ဌာနလုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြရန် အလှည့်ကျသည့် စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီစန်းအောင်၊ ဦးစီးအရာရှိ ဒေါ်တင်တင်ခိုင်နှင့် ဒေါ်အိအိအောင်တို့က လည်းကောင်း၊ e-Government ဌာနမှ ဦးစီးအရာရှိ ဦးအောင်သူဝင်း၊ ဒေါ်နှင်းဝေလွင်၊ ဦးကျော်ကိုကိုထိုက်၊ အကြီးတန်းစာရေး ဒေါ်ဖြူနှင်းနှင့် အငယ်တန်းစာရေး ဒေါ်မေမြတ်နိုးဦးတို့ကလည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင်ကြပြီး ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာန(၆) ခုမှ ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက အမှတ်ပေးခဲ့ကြပြီး ပြိုင်ပွဲသည် ၁၄ : ၄၅ နာရီအချိန်တွင် ပြီးဆုံးခဲ့ပါသည်။



# သထုံအကျဉ်းထောင်၊ ဘားအံအကျဉ်းထောင်၊ မာလာဖူးကုန်ထုတ်စခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



ဇူလိုင်လ ၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၄-၇-၂၀၂၂ ရက်နေ့တွင် သထုံအကျဉ်းထောင်နှင့်သထုံမြို့မရဲစခန်းအချုပ်ခန်းကိုလည်းကောင်း၊ ၅-၇-၂၀၂၂ရက်နေ့တွင်ဘားအံအကျဉ်းထောင်နှင့်ဘားအံမြို့မရဲစခန်းအချုပ် တို့ကိုလည်းကောင်း၊ ၆-၇-၂၀၂၂ ရက်နေ့တွင် မာလာဖူးကုန်ထုတ်စခန်းကိုလည်းကောင်း သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်၊ ကုန်ထုတ်စခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေလုပ်ထုံးလုပ်နည်းထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား/ အချုပ်သား တစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ/ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ/ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများရရှိခြင်း ရှိ/ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ/ မရှိ၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ကုန်ထုတ်လုပ်နေမှု အခြေအနေစသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်နှင့် ကုန်ထုတ်စခန်းများအား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ထောင်တွင်းဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ/ မရှိ၊ ကုန်ထုတ်စခန်း လုပ်ငန်းခွင် အန္တရာယ် ရှိ/ မရှိ မြေပြင်အခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မြန်မာပြန်စာသားများ ပါရှိသော မှတ်စုစာအုပ် ၉၀၀ အုပ်၊ ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၁၆၂ အုပ်နှင့် Oxygen Regulator ၆ လုံးတို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိများမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



# လှိုင်ကော်အကျဉ်းထောင်နှင့် လှိုင်ကော်မြို့မရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



ဇူလိုင်လ ၁၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၁၃-၇-၂၀၂၂ ရက်နေ့နှင့် ၁၄-၇-၂၀၂၂ ရက်နေ့ များတွင် လှိုင်ကော် အကျဉ်းထောင်နှင့် လှိုင်ကော်မြို့မ ရဲစခန်းအချုပ်ခန်းတို့ကို သွားရောက်၍ ကြည့်ရှုစစ်ဆေး ခဲ့ပါသည်။

အကျဉ်းထောင်နှင့် စခန်းအချုပ်ခန်းတို့ကို ကြည့်ရှု စစ်ဆေးစဉ် ကော်မရှင်ဥပဒေ ပြဋ္ဌာန်း ချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များ နှင့်အညီ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ် သူများကို အဆောင်လိုက် တွေ့ဆုံကာ အကျဉ်းသား/ အချုပ်သား တစ်ဦး၏ အနိမ့်ဆုံး ရရှိမည့် အခွင့်အရေးဖြစ် သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ/ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ/ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်း များ ရရှိခြင်း ရှိ/ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ/ မရှိ စသည် တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှု စစ်ဆေးစဉ် အကြံပြုချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ် ဆေးခဲ့ပါသည်။

အကျဉ်းထောင်နှင့် အချုပ်ခန်းများအားဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏အိပ်ဆောင်များ၊ဆေးခန်း၊စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂို ထောင်၊ သောက်ရေ/ သုံးရေကန်များ၊ မိလ္လာများသန့်ရှင်းမှု ရှိ/ မရှိကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါ သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ် ဆေးတွေ့ရှိချက်များနှင့်အကြံပြုချက်များကိုလိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေး ပို့ အကြံပြုသွား မည်ဖြစ်ပါသည်။



# Adobe Indesign **သင်တန်းဖွင့်လှစ်ခြင်း**

ဇူလိုင်လ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး e-Government ဌာနမှ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် Poster Design များ၊ Flyer Design များနှင့် Book Cover Design များကို မိမိကိုယ်တိုင် Design များ ဖန်တီးနိုင်စေရန် ရည်ရွယ်၍ Adobe InDesign သင်တန်းကို ၂၀-၇-၂၀၂၂ ရက်နေ့မှ ၂၂-၇-၂၀၂၂ ရက်နေ့ထိ ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်ရုံးဌာန အသီးသီးမှ အရာထမ်း ၆ ဦး၊ အမှုထမ်း ၇ ဦး၊ စုစုပေါင်း ၁၃ ဦး တက်ရောက်ခဲ့ပါသည်။



---

## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနမှ တိုင်တန်းချက် (၂၃) စောင် လက်ခံရရှိခဲ့ပါသည်။ မေလ တိုင်တန်းချက် လက်ကျန် (၁၀) စောင်၊ စုစုပေါင်း တိုင်တန်းချက် (၃၃) စောင်ရှိပြီး တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေး (၂) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး စိစစ်ခဲ့ရာ တိုင်တန်းချက် ( ၆ ) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ပေးပို့ အကြောင်းကြားခဲ့ပါသည်။ တိုင်တန်းချက်( ၄ ) စောင်ကို ကာယကံရှင်ထံ ကော်မရှင်မှ အကြံပြုချက်နှင့်အတူ ပြန်ကြားခဲ့ပြီး၊ တိုင်တန်းချက် ( ၁၂ ) စောင်ကို ကော်မရှင်ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ ၃၂ (ခ) အရလည်းကောင်း၊ ၃၂ (ဂ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း၊ အထောက်အထားမပြည့်စုံသဖြင့်လည်းကောင်း မှတ်တမ်းထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။ ဇွန်လတွင် ဆောင်ရွက်ရန် တိုင်တန်းချက် (၁၁) စောင် ကျန်ရှိပါသည်။

# မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆိုခြင်း အထိမ်းအမှတ် ကတ်ပြားဝေငှခြင်းနှင့် ဟောပြောပွဲအခမ်းအနားကျင်းပ



ဇူလိုင်လ ၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာနမှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ကျရောက်သည့် "မြန်မာအမျိုးသမီးများနေ့" အားဂုဏ်ပြုကြိုဆိုသည့် အနေဖြင့် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် အပါအဝင် အရာထမ်း၊ အမှုထမ်းများအား မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆိုခြင်း အထိမ်းအမှတ် ကတ်ပြားများကို ပေးဝေခဲ့ပါသည်။ ထို့ပြင် "မြန်မာအမျိုးသမီးများနေ့" ဂုဏ်ပြုကြိုဆိုခြင်း အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး Conference Room တွင် ၁-၇-၂၀၂၂ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန် မှ ၁၁:၀၀ နာရီအချိန် အထိ Hybrid System ဖြင့် ကျင်းပပြု လုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၇၀) ဦး ခန့်တက်ရောက်ခဲ့ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာခိုင်ခိုင်ဝင်းမှအဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ မြန်မာအမျိုးသမီးများနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝတ်ရည်ဝင်းက အမျိုးသမီး အခွင့်အရေးများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ကဏ္ဍအလိုက် ဆွေးနွေးဟောပြောခဲ့ပါသည်။ ဟောပြောဆွေးနွေးမှုအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

---

# Adobe Photoshop သင်တန်းဖွင့်လှစ်ခြင်း

ဇူလိုင်လ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး e-Government ဌာနမှ ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် မိမိတို့ ကိုယ်တိုင် Poster Design များ၊ Visiting Card Design၊ Flyer Design များနှင့် Calendar Design များ ဖန်တီးနိုင်စေရန် ရည်ရွယ်၍ Adobe Photoshop သင်တန်း ကို ၂၅-၇-၂၀၂၂ ရက်နေ့မှ ၂၉-၇-၂၀၂၂ ရက်နေ့ထိ ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်ရုံးဒုတိယညွှန်ကြားရေးမှူးချုပ်အပါအဝင် ဌာနအသီးသီးမှ အရာထမ်း ၈ ဦး၊ အမှုထမ်း ၇ ဦး၊ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ပါသည်။



## ကော်မရှင်ရုံးဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲ (၄/၂၀၂၂) ကျင်းပ

ဇူလိုင်လ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အရာထမ်း/ အမှုထမ်းများ၏ ဆန္ဒဖော်ထုတ်ပွဲအခမ်းအနား (၄/၂၀၂၂) ကို အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ကော်မရှင်ရုံး Conference Room တွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ ၁၀:၃၀ နာရီအချိန်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါဆန္ဒထုတ်ဖော်ပွဲသို့ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် ၊ အရာထမ်း/ အမှုထမ်းများနှင့် ကော်မရှင်ရုံးမှ အရာထမ်း/ အမှုထမ်း (၄၅) ဦး တက်ရောက်ကြပြီး၊ ရုံးခွဲအသီးသီးမှ အရာထမ်း/ အမှုထမ်းများမှလည်း Zoom ဖြင့် တက်ရောက်ကြပါသည်။ အခမ်းအနားအစီအစဉ်အရ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် အဖွင့်အမှာစကား ပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါများ ပြန်လည်ဖြစ်ပွားလာခြင်းကြောင့် ရောဂါကာကွယ်ရေးနှင့် စပ်လျဉ်း၍ ယခင်အတိုင်း ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများ အလုပ်တာဝန်မှ နှုတ်ထွက်ရာတွင် ရသင့်ရထိုက်သည့် ခံစားခွင့်များ မဆုံးရှုံးစေရန်



လုပ်ထုံးလုပ်နည်းအတိုင်း နှုတ်ထွက်ခွင့်ရရှိအောင် ဆောင်ရွက်စေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ကိုကိုမျိုးက ယခင်ဆန္ဒဖော်ထုတ်ပွဲ (၃/၂၀၂၂) မှ ဆောင်ရွက်ပြီးစီးမှုများအား ရှင်းလင်းပြောကြားပါသည်။ ထို့နောက် စီမံရေးရာနှင့်ဘဏ္ဍာရေးဌာန၊ ကော်မရှင်ရုံးခွဲ (မန္တလေး) နှင့် ကော်မရှင်ရုံးခွဲ (ပုသိမ်) တို့မှ တင်ပြမှုများအား ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးနောက် ဆန္ဒထုတ်ဖော်ပွဲအား (၁၁:၅၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

---

## မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစု (ရန်ကုန်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ



ဇူလိုင်လ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးနိုင်နှင့် ဦးစီးအရာရှိ ဦးကောင်းခန့်ဇင်တို့သည် မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစု (ရန်ကုန်)တွင် ဖွင့်လှစ်လျက်ရှိသော မီးသတ်စခန်းမှူး သင်တန်း (အမျိုးသား) အမှတ်စဉ် (၂၀/၂၀၂၂) ၌ ၂၅-၇-၂၀၂၂ ရက်နေ့၊ ၁၄:၀၀ နာရီ အချိန်မှ ၁၅:၃၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးနိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်းအကြောင်းကိုလည်းကောင်း၊ ဦးစီးအရာရှိ ဦးကောင်းခန့်ဇင်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များ အကြောင်းကိုလည်းကောင်းစသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်းသင်တန်းသား ဦးရေ (၅၀) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးနိုင်နှင့် ဦးစီးအရာရှိ ဦးကောင်းခန့်ဇင်တို့က ပြန်လည်ဖြေကြားခဲ့ပါသည်။

# ENGLISH SECTION

## Card Distribution, Talk Show Launch to mark Myanmar Women's Day

July 1

As an effort to honour Myanmar Women's Day, which will fall on 3 July 2022, a commemorative card distribution activity, was initiated by the Human Rights Promotion and Education Division of Myanmar National Human Rights Commission. Commemorative cards were given to Chair, Vice–chair, members of the Commission, senior officials including Director General, Deputy Director General and all the staff of MNHRC. In addition, a commemorative talk show in honour of Myanmar Women's Day, which was simultaneously held through a virtual conferencing system, was also conducted (at the conference room) of the commission at 10 a.m on the 1st of July 2022.







At the ceremony, it was launched with opening remarks delivered by the Deputy Director General Dr. Khine Khine Win, and Directors of the Divisions were also present there. Then, Deputy Director Daw Wutyi Win, the former desk officer for women's rights, presented about women's rights in respective sectors. The ceremony came to a close following closing remarks made by the Deputy Director General at 11 a.m.

# MNHRC Give Human Rights Lecture at Myanmar Fire Service Headquarters, Training Division (Yangon)

July 25

As part of the human rights promotion and education activities of Myanmar National Human Rights Commission, U Myo Naing, Assistant Director and U Kaung Khant Zin, Staff Officer of the Commission gave lectures on human rights at Fire Station Commander (Male) Course (No.20/2022) held at the Myanmar Fire Service Headquarters, Training Division (Yangon) on 25 July 2022 from 2:00 pm to 3:30 pm.

In doing so, Assistant Director U Myo Naing delivered the lectures on Human Rights Concept and the Universal Declaration of Human Rights and Staff Officer U Kaung Khant Zin, gave the lecture on Organization and Functions of Myanmar National Human Rights Commission. After that the lecturers answered the questions asked by the trainees. A total of 50 officers from Fire Services Department attended the above-mentioned course.



# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း– ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm
facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း – ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။ဖုန်း – ၀၉၅၃၄၃၆၅၀

**ရခိုင်ပြည်နယ် (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။

ဖုန်း –၀၉၄၂၅၈၆၀၀၀၈

*မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး*
*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*
*e-government@mnhrc.org.mm*